
**ကတောက်ဆတ်/ ပိတောက်ဆတ်/ ကုန်းဇေဒါ**

Scientific name - *Monochoria vaginalis* (Burm.f) C. Presl.

Common name - Pickerel Weed

Family - Pontederiaceae






အပင်ပုံသဏ္ဌာန်

တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ခံပင်ဖြစ်သည်။ ၁၀ - ၁၅ စင်တီမီတာမြင့်ပြီး ပင်စည်မပါပေ။ အစုလိုက်တွေ့ရသော ရေကြိုက်ပေါင်းဖြစ်ပြီး တိုသောမြေလျှောက်ပင်စည်ရှိသည်။ အရွက်သည် ပြောင်ချော၍ အစိမ်းရင့်ရောင်ရှိပြီး ဒေါင်လိုက်ရွက်ကြောများပါရှိသည်။ အရွက်ပုံသဏ္ဌာန်နှင့် အရွယ်အစားသည် သက်တမ်းကိုလိုက်၍ ပြောင်းလဲသည်။ အပင်ကြီးလာသည်နှင့်အမျှ အောက်ခြေတွင် ရွက်ဖုံးများ တစ်ခုနှင့်တစ်ခု လိမ်ယှက်လျက်ရှိပြီး ငယ်စဉ်မှာ အနည်းငယ်အနီရောင်သန်းသည်။ ပန်းပွင့်သည် ခရမ်းရောင် သို့မဟုတ် ခရမ်းပြာရောင်ရှိသည်။ ပွင့်ညှာမဲ့ပန်းခိုင်တွင် ပန်းပွင့်၃-၂၅ပွင့်ထိပါသည်။ အသီးသည်အက်ကွဲသီးဖြစ်ပြီး အကန့်၃ကန့်ပါ၍ အစေ့များစွာပါရှိသည်။ အစေ့သည်ရှည်ပြီး အလျားလိုက်အကြောများပါရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။